# ရတနာပုံ call center ဖွင့်ပွဲ



၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့က ပြည်လမ်းပေါ်က မြန်မာ့ဆက်သွယ်ရေးဝန်းအတွင်းမှာ ရတနာပုံ call center ဖွင့်ပွဲကို ပြုလုပ်ခဲ့ပါတယ်။ Call center ဖွင့်ပွဲမှာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဒွိလှက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ရတနာပုံတယ်လီပို့တို့ ပူးပေါင်းပြီး call center တည်ဆောက်ရတဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီနောက်မှာ ရတနာပုံ call center ကို တာဝန်ရှိသူတွေက ဖဲကြိုးဖြတ်ပြီး ဖွင့်ပေးခဲ့ပြီး call center ဆိုင်းဘုတ်ကို ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးမြင့်ဆွေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကာ ကမ္ပည်းမော်ကွန်းကြေးပြားကို သက်ဆိုင်ရာ လူကြီးတွေက အမွှေးနံ့သာပက်ဖြန်းခဲ့ပါတယ်။ အဲဒီနောက်မှာ call center အတွင်းကို ဝင်ရောက်လေ့လာခဲ့ကြပြီး call center ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း (ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန) က စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ Call center ရဲ့ operation ကို video နဲ့ သရုပ်ပြရှင်းလင်းခဲ့တာကိုလည်း တွေ့ရပါတယ်။

# www.eshopping.com.mm ရဲ့ ဇန်နဝါရီ promotion

တူဒေးစာအုပ်တိုက်က ထုတ်ဝေတဲ့စာအုပ်တွေကို အမြို့မြို့အနယ်နယ်မှာရှိတဲ့ စာအုပ်ဆိုင်တွေမှာ ဝယ်ယူနိုင်သလို *www.eshopping.com.mm* မှာလည်း ဝယ်ယူနိုင်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ www.eshopping.com.mm ကနေ ကြိုက်နှစ်သက်ရာစာအုပ် ငွေကျပ် ၁၀,၀၀၀ ဖိုး ဝယ်ယူရင် ဇန်နဝါရီလထုတ် *PCWorld Myanmar* magazine ၊ ဒါမှမဟုတ် ဇန်နဝါရီလထုတ် *T-Club* magazine ကို လက်ဆောင် အဖြစ်ရရှိမှာ ဖြစ်ပါတယ်။ ငွေကျပ် ၂၀,၀၀၀ ဖိုး ဝယ်ယူရင်တော့ ဇန်နဝါရီလထုတ် *PCWorld Myanmar* magazine နဲ့ ဇန်နဝါရီလထုတ် *T-Club* magazine ၂ စုလုံးကို လက်ဆောင်အဖြစ်ရရှိမှာ ဖြစ်ပါတယ်။ ငွေကျပ် ၅,၀၀၀ ဖိုးနဲ့ အထက်မှာယူရင် အခမဲ့ အိမ်တိုင်ရာရောက် ၃ ရက်အတွင်း ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၅၀၇၃၉၁၊ ၅၀၇၃၉၂ နဲ့ ၅၀၇၃၉၃ တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။



# IT သမားများ

## ပြည်တွင်းမှာ အလုပ်အကိုင်လမ်းပွင့်လာဖို့ အရည်အချင်းစစ် စာမေးပွဲများ

IT နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ ရည်ရွယ်ထားတဲ့သူတွေအနေနဲ့ သက်ဆိုင်ရာ ပညာရပ်အလိုက် အသိအမှတ်ပြု လက်မှတ်ပေါင်းများစွာ ရဖို့ ကြိုးစားကြရပါတယ်။ Microsoft ရဲ့ စာမေးပွဲတွေကစလို့ နိုင်ငံတကာ အဆင့်မီ စာမေးပွဲပေါင်းမြောက်များစွာကို ငွေကုန်ကြေးကျခံပြီး ဖြေဆိုနေကြတာကိုလည်း တွေ့ကြရမှာပါ။ အခု ပြောပြချင်တာကတော့ ပြည်တွင်းက IT နယ်ပယ်အသီးသီးမှာ IT သမား တစ်ယောက်အဖြစ် ရပ်တည်ဖို့ ကြိုးစားနေသူများအတွက် ငွေကုန်ကြေးကျ သိပ်မရှိဘဲ ပြည်တွင်း IT နယ်ပယ်မှာ လုပ်ကိုင်စေနိုင်ဖို့ အထောက်အပံ့ကောင်း ဖြစ်တဲ့ မြန်မာ computer ပညာရှင်အသင်း (MCPA) က ကြီးမှူးကျင်းပလေ့ ရှိတဲ့ စာမေးပွဲများအကြောင်းပဲ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တုန်းက Myanmar Info Tech ရှိ၊ MCPA Meeting room မှာ MCPA မှ တာဝန်ရှိသူတွေက ဒီဇင်ဘာ ၁၈ ရက်မှာ ကျင်းပမယ့် စာမေးပွဲတွေရဲ့ အကြောင်း ရှင်းလင်း ပြောကြားခဲ့တာတွေကို PCWorld စာဖတ်ပရိသတ်အတွက် ပြန်လည် ဖော်ပြပေးထားတာ ဖြစ်ပါတယ်။



### စာမေးပွဲအမျိုးအစားများ

MCPA ကနေပြီးတော့ နှစ်တိုင်း စစ်ဆေးပေးနေတဲ့ စာမေးပွဲ အမျိုးအစား ၄ ခု ရှိပါတယ်။

MCPA Certified Fundamental Software Engineer Exam (FSE)

MCPA Certified Network Associate Exam (NA)

MCPA Certified Software Engineer Exam (SE) နဲ့

MCPA Certified Network Professional Exam (NP)

တို့ ဖြစ်ပါတယ်။ အဲဒီအထဲမှာ FSE နဲ့ NA တို့က entry level အတွက် ရည်ရွယ်တယ်လို့ သိရပါတယ်။ ဒီစာမေးပွဲ ၄ ခုကို တစ်နှစ်ကို ၂ ကြိမ် ဇွန်လနဲ့ ဒီဇင်ဘာလတွေမှာ စစ်ပေးလေ့ ရှိတယ်လို့ သိရပြီး SE နဲ့ NP တို့ကတော့ တစ်နှစ်ကို တစ်ကြိမ်ပဲ စစ်တယ်လို့လည်း သိရပါတယ်။

Exam fees တွေအနေနဲ့ FSE နဲ့ NA တို့က ၅,၀၀၀ ကျပ်စီ ဖြစ်ပြီး SE နဲ့ NP တို့ကတော့ ၁၀,၀၀၀ ကျပ်စီဖြစ်တယ်လို့ သိရပါတယ်။

### စာမေးပွဲများအတွက် လိုအပ်တဲ့ knowledge area

MCPA က ကျင်းပတဲ့ စာမေးပွဲတွေကို ဖြေဆိုဖို့ လိုအပ်တဲ့ knowledge area တွေကိုလည်း ဖြေဆိုသူတွေအဆင်ပြေစေဖို့ ဖော်ပြပေးထား

တတ်ပါတယ်။ NA တို့ NP တို့လို network ပိုင်း စာမေးပွဲတွေမှာ ဆိုရင်လည်း platform based နဲ့ မေးတာမျိုးမဟုတ်ဘဲ network နဲ့ပတ်သက်တဲ့ လိုအပ်တဲ့ အခြေခံသဘောတရားတွေအားလုံးကို မေးတာမျိုး ဖြစ်တာကြောင့် ထူးခြားချက်တစ်ခုလို့ ဆိုရမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီစာမေးပွဲတွေမှာ knowledge ၊ skill အပြင် practice တို့ကိုပါ ထည့်သွင်း စစ်ဆေးတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## FSE ဖြေဖို့ သိထားရမယ့် အပိုင်းများ

FSE ကို part A ၊ part B နှစ်ပိုင်းခွဲပြီး ဖြေရမှာဖြစ်ပါတယ်။

Part A မှာဆိုရင်

- Computing Fundamental
- Programming Concepts
- Networking Essential
- Relational Database Model & SQL

စတာတွေ ပါဝင်ပြီး Part B မှာဆိုရင်

- Development of Program in Java language
- Understanding of Relational Data Model
- Development of SQL Standards using SQL 92 Standard

စတာတွေ ပါဝင်ပါတယ်။ မိနစ်သုံးဆယ် Java မေးခွန်း ၂ ပုဒ်နဲ့ Database မေးခွန်း ၂ ပုဒ် စုစုပေါင်း ၄ ပုဒ်ပါဝင်မှာဖြစ်တယ် လို့လည်း သိရပါတယ်။

## NA ဖြေဖို့ သိထားရမယ့် အပိုင်းများ

NA ဖြေဖို့ဆိုရင်

- Desktop PC Hardware
- Desktop OS
- Networking Fundamental
- NOS & Network Environment
- Network Management
- WLAN
- WAN Technologies
- Network Security

စတဲ့ အပိုင်းတွေကို ကောင်းမွန်စွာ နားလည် သဘောပေါက်ထားရမှာဖြစ်ပါတယ်။

## SE ဖြေဖို့ သိထားရမယ့် အပိုင်းများ

SE ကိုလည်း part A ၊ part B နှစ်ပိုင်းခွဲပြီး ဖြေရမှာဖြစ်ပါတယ်။

Part A မှာတော့

- Computer Science Fundamental
- Object Oriented Programming (Java or c#.net)
- Relational Data Model & Structured Query Language
- Web development & client server application
- User interface design & implementation
- Software testing & Quality assurance processes
- Software Development Process
- Knowledge of Networking & telecommunication
- Project Management
- IT Security

စတာတွေ ပါဝင်မှာဖြစ်ပြီး part B မှာတော့

- Development of Program in Java/c#.net language
- Understanding of Relational Data Model\
- Development of SQL statements using SQL 92 standard

စတာတွေ ပါဝင်ပြီး မိနစ်သုံးဆယ် Java ၊ ဒါမှမဟုတ် c#.net မေးခွန်း ၂ ပုဒ်နဲ့ Database မေးခွန်း ၂ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။

## NP ဖြေဖို့ သိထားရမယ့် အပိုင်းများ

NP ဖြေဖို့ဆိုရင်

- Workstation & Server Hardware
- OSs & NOSs
- Network Design & Implementation
- Network Management
- Network Security

စတာတွေကို ကောင်းမွန်စွာ နားလည်သဘောပေါက်ထားရမှာ ဖြစ်ပါတယ်။

## MCPA ရဲ့ စာမေးပွဲများ ကျင်းပရတဲ့ ရည်ရွယ်ချက်

Computer ပညာရှင်တွေ computer ပညာရပ်နဲ့ပတ်သက်ပြီး နားလည်ကျွမ်းကျင်မှု အဆင့်မြင့်လာစေဖို့၊ သတင်းအချက်အလက်နဲ့ နည်းပညာနယ်ပယ်မှာ နားလည်တတ်ကျွမ်းသူတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရစေဖို့ ရည်ရွယ်ပြီး စာမေးပွဲများ ပြုလုပ်စစ်ဆေးပေးတာဖြစ်တယ်လို့ သိရပါတယ်။ ပြီးတော့ MCPA Certified Exam တွေဟာ ဘယ် certificate နဲ့တော့ ညီမျှတယ်ဆိုတဲ့ သတ်မှတ်မှုမျိုးမရှိဘဲ ပြည်တွင်းမှာ လစ်လပ်ရာထူးနေရာတွေရှိပေမယ့် ကျွမ်းကျင်သူတွေ နည်းပါးတဲ့ ပြဿနာကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးဖို့ ရည်ရွယ်တာဖြစ်တယ်လို့လည်း သိရပါတယ်။

MCPA ရဲ့ စာမေးပွဲတွေကို တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင် ပြီးတဲ့ IT ပညာကို စိတ်ဝင်စားတဲ့သူတွေ၊ တက္ကသိုလ် ကျောင်းသား / ကျောင်းသူတွေ၊ computer နဲ့ နည်းပညာတက္ကသိုလ် ကျောင်းသား / ကျောင်းသူတွေ၊ IT နယ်ပယ် မှာ လက်တွေ့လုပ်ကိုင်နေသူတွေ ဝင်ရောက်ဖြေဆိုနိုင်တယ်လို့ သိရပါတယ်။

MCPA ရဲ့ စာမေးပွဲတွေကို ဖြေဆိုအောင်မြင်တဲ့သူတွေအနေနဲ့ MCPA အသိအမှတ်ပြု certificate ကို ရရှိမှာဖြစ်ပြီး မြန်မာနိုင်ငံ computer အသင်းချုပ်ကနေ စီစဉ်တဲ့ နိုင်ငံခြားပညာသင်ဆုကို လည်း လျှောက်ထားနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

MCPA ကနေ ကြီးမှူး စစ်ဆေးတဲ့ ဒီစာမေးပွဲတွေမှာ တကယ် အဆင့်မီသူတွေကိုသာ အအောင်ပေးလေ့ရှိတာကြောင့် ဖြေဆိုသူနဲ့ အောင်မြင်သူရာခိုင်နှုန်းအားဖြင့်ကြည့်ရင် နည်းပါးတယ်လို့လည်း သိရပါတယ်။